## ၂၃၇။ ဆင်းရဲချမ်းသာ

အသက်အရွယ် ကြီးရင့်ပြီဖြစ်သော စက်မှုလုပ်ငန်းရှင်တစ်ဦး သည် ငယ်ရွယ်သော အမျိုးသမီးကို လက်ထပ်ယူလိုက်သည်။ တစ်နေ့တွင် အဘိုးကြီးက မေးသည်။

''ငါ့ကို မှန်မှန်ပြောစမ်း။ ပိုက်ဆံချမ်းသာလို့ ငါ့ကို မင်း ယူလိုက်တာလားဟင်''

''မဟုတ်ရပါဘူးရှင်။ ကျွန်မ အင်မတန် ဆင်းရဲလို့ပါ''

## ၂၃၈။ စာကြည့်တိုက်မှာ

''ကျွန်တော် 'သူခိုးရန်မှ ကာကွယ်နည်း' စာအုပ်ကို ဖတ်ချင်ပါတယ်။ အဲဒီစာအုပ် ဒီစာကြည့်တိုက်မှာ ရှိသလား ဟင်''

''ရှိခဲ့တယ်။ ဒါပေမယ့် တစ်လောက အခိုးခံလိုက်ရ တယ်''

## ၂၃၉။ အကျင့်ရှိပြီးသား

သူဌေးကတော်က အိမ်ဖော်မအသစ်ကို ပြောသည်။

''ညည်းကို ငါ ကြိုပြောထားချင်တယ်။ ဒီအိမ်က အကြီးကြီး။ ပြီးတော့နေတဲ့ လူကလည်း အများကြီး။ အဲဒီတော့ ညည်းအတွက် အားချိန်နားချိန်ဆိုတာ ရှိမှာမဟုတ်ဘူး''



''စိတ်မပူပါနဲ့ ဒေါ်ဒေါ်။ ကျွန်မ တောမှာ နေတုန်းက ဝက်အကောင်နှစ်ဆယ်ကို နေ့စဉ် အစာချက်ကျွေးရတယ်။ ဝက်ခြံကိုလည်း နေ့စဉ် သန့်ရှင်းရေး လုပ်ခဲ့ရပါတယ်ရှင့်''

## ၂၄၀။ လူသားပဲစားမယ်

လေယာဉ်မယ်က ခရီးသည်တစ်ဦးချင်းကို ကျွေးမွေးမည့် ဟင်းလျာ စာရင်းစာရွက်ကို လိုက်ပေးသည်။ ထိုလေယာဉ်ပေါ်တွင် အာဖရိကတိုက် မျိုးရိုးအုပ်စုတစ်စုမှ ကပ္ပလီတစ်ယောက်လည်း လိုက်ပါလာသည်။ ၎င်း၏အလှည့်သို့ ရောက်သောအခါ ကပ္ပလီက